# ခေတ်အဆက်ဆက်ပြောင်းလဲလာသော
# ပုံစံသစ်ကဗျာများ၏သွင်ပြင်လက္ခဏာများ

ပါရဂူ(PhD)ဘွဲ့အတွက် တင်သွင်းသောကျမ်း


မောင်သန်းထွန်း

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်



၂၀၀၇ခုနှစ်၊ ဖေဖော်ဝါရီလ

# ကျမ်းအကျဉ်းချုပ်

ဤကျမ်းတွင် အခန်း (၅)ခန်း ပါဝင်ပါသည်။

- အခန်း(၁)တွင် ပုံစံသစ်ကဗျာကို အဓိပ္ပာယ် ဖွင့်ဆို ထားပြီး လေ့လာမည့်ပုံစံကို တင်ပြထားပါသည်။
- အခန်း(၂)တွင် မြန်မာကဗျာများ ပုံစံသစ်သို့ ပြောင်းလဲရခြင်း အကြောင်းတရား (၄)ချက်ကို ရှင်းလင်းထားပါသည်။
- အခန်း (၃)တွင် ပဒေသရာဇ်ခေတ် (ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်) ခေတ်တို့မှ ပုံစံသစ် ကဗျာများကို တင်ပြပြီး ပြောင်းလဲမှု လက္ခဏာများကို ကဗျာအမျိုးအစား၊ အကြောင်းအရာ၊ အဖွဲ့ပုံစံများဖြင့် တင်ပြထားပါသည်။
- အခန်း(၄) တွင် ကိုလိုနီခေတ် (ပါတော်မူ၊ သခင်ကိုယ်တော်မှိုင်း၊ ခေတ်စမ်း၊ ဒေါက်တာမောင်ဖြူး၊ စာပေသစ်)တို့၏ ကဗျာပုံစံ ဆန်းသစ်မှုများကို အကြောင်းအရာ၊ အရေးအဖွဲ့သစ် များကို ပြောင်းလဲမှု လက္ခဏာများဖြင့် တင်ပြထားပါသည်။
- အခန်း(၅)တွင် လွတ်လပ်ပြီးခေတ် (၁၉၄၈ –၁၉၆၂) အထိ ပြောင်းလဲလာသော ပုံစံသစ်ကဗျာများကို တင်ပြထား ပါသည်။ ထိုခေတ်တွင် လူတန်းစားကဗျာများ၊ နိုင်ငံရေးလှုပ်ရှားမှု ကဗျာများ ပေါ်ထွန်းလာသဖြင့် ကဗျာဆရာတို့၏ အကြောင်းအရာ ဆန်းသစ်လာပုံ၊ ကဗျာပုံစံသစ်ရန် ကြိုးပမ်းခဲ့သူများ ဖြစ်သော ဒေါင်းနွယ်ဆွေ၊ နောင်၊ အထက်မြန်မာနိုင်ငံ အောက်မြန်မာနိုင်ငံမှ လူငယ်ကဗျာဆရာတို့၏ ကြိုးပမ်းမှုများကြောင့် ကဗျာပုံစံသစ်လာပုံတို့ကို အကြောင်းအရာ၊ အရေးအဖွဲ့ပုံစံများ၏ သွင်ပြင်လက္ခဏာများဖြင့် တင်ပြထားပါသည်။
- ထိုသို့တင်ပြရာတွင် အတိတ်ခေတ်၏ ကဗျာပုံစံသည် လက်ရှိခေတ်တွင် လွှမ်းမိုးမှု ရှိခဲ့ပုံတို့ကို ပေါ်လွင်ရန် တင်ပြပါသည်။ ပြီးသွားသောခေတ် ကဗျာပုံစံကို အစဉ်အလာပုံစံဟု သတ်မှတ်ပြီး ထိုခေတ်တွင် ပေါ်ပေါက်ခဲ့သော ကဗျာများကို ပုံစံသစ်ဟု သတ်မှတ် လေ့လာထားပါသည်။
- ဤကျမ်းတွင် ပဒေသရာဇ်ခေတ် (ပုဂံခေတ်)မှ လွတ်လပ်ပြီးခေတ် (၁၉၆၂)အထိ သတ်မှတ် လေ့လာထားပါသည်။ လွတ်လပ်ပြီးခေတ် ကဗျာပုံစံသစ်ကို လေ့လာရာတွင် မျက်မှောက်ခေတ် ကဗျာများအပေါ်တွင် အနည်းနှင့်အများ လွှမ်းမိုးမှုရှိခဲ့သည်ဟု ယူဆမိပါသဖြင့် ထိုဆက်စပ်မှုများကိုလည်း တင်ပြထားပါသည်။
- ဤကျမ်းသည် မြန်မာကဗျာ ပြောင်းလဲမှုများကို ခေတ်အလိုက် ပြောင်းလဲမှုများဖြင့် လေ့လာထားသောကြောင့် မြန်မာကဗျာ ပြောင်းလဲမှုကို ပုံစံတကျ တွေ့မြင်နိုင်မည်ဟု ယူဆမိပါသည်။